
ခူးခူး
လုံးချင်းဝတ္ထုသစ်
Sorry!
အတူတူပဲဆိုတိုင်း
တမူမထူးနိုင်ဘူးလို့...
သတ်မှတ်ရဲလား။
'ထင်း' တွေချည်းပဲဆိုပေမယ့်
ကျွန်မက 'ကျွန်း'ပါ... မောင်။

# ဇာတ်လမ်းမိတ်ဆက်

"ဒေါက်… ဒေါက်… ဒေါက်…"

အသည်းအသန်ခေါက်နေတဲ့ တံခါးသံကြောင့် အိပ်ပျော်နေရာကနေ မနည်းကြီးကျုံးထရင်း၊ ကျွတ်တစ်ဝက်၊ ဝတ်တစ်ဝက်ဖြစ်နေတဲ့ ပုဆိုးကို သတိနဲ့ စွန်တောင်ဆွဲကာ တံခါးနားသို့ စည်းချက်မမှန်တဲ့ ခြေလှမ်းတွေနဲ့ ဦးတည်ရ၏။

"ဘယ်သူလဲ… နေဦးကွ…"

ခေါင်းထဲမှာ မနေ့ညကသောက်ထားတဲ့ အရှိန်က ရှိနေသေးတော့ နောက်ကျိကျိနဲ့ ။

"ဒေါက်… ဒေါက်… ဒေါက်…"

မေးတာလည်း မဖြေပဲ တံခါးချည်းပဲ ခွတ်ခေါက်နေတော့ စိတ်မရှည်နိုင်တော့ပဲ တံခါးချက်ကို ဆောင့်အောင့်ကာ ဖွင့်ပေးပြီး တံခါးကို ခပ်သွက်သွက် ဖွင့်ပေးလိုက်ရသည် ။

အဲဒီမှာ ပဲ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အိပ်မှုန်စုံမွှားဖြစ်နေတဲ့ မျက်လုံးက ပြူးကျယ်သွားရ၏။

ခေါင်းအထိဆောင်းထားတဲ့ အနက်ရောင် လောင်းကွတ်ရှည်ကြီးဝတ်ထားတဲ့ လူရဲ့ လက်တွေက မည်းမည်းပိန်ပိန်နဲ့ လက်သည်းတွေက ချွ

န်ထက်လို့ ။ အရိပ်ကကျနေတော့ ခေါင်းဆောင်းအောက်က မျက်နှာကို သေချာမမြင်ရပေမဲ့ အမှောင်ထဲမှ မျက်လုံးက နီရဲနေ၏။

လက်တစ်ဖက်မှာ ကိုင်ထားတဲ့ ညစ်တစ်တစ်တံစဥ်လိုလိုအရာကြီး က ထက်နေတာမှ ချွန်မြလို့ ။

မမျှော်လင့်ထားတဲ့ ဧည့်သည် ကို ခဏတာတော့ အံ့အားသင့်ပြီး ငေးကြည့်မိသွားသည် ။

"ခင်ဗျား ဘယ်သူလဲ"

"သေမင်း..."

ပြတ်ပြတ်သားသားဖြေလိုက်တဲ့ အသံက ဟိန်းပြီး အယ်ကိုးအသံလို ပဲ့တင်ထပ်သွားသည် ။

"သေမင်းက ကျုပ်အိမ်ရှေ့... ဘာကိစ္စရောက်လာတာလဲ"

"မင်းအသက်ကိုနုတ်ဖို့ "

သေမင်းဆိုမှ တော့ အသက်ပေးရတော့မယ်မှန်း သိတဲ့ နောက် ဘ ယ်လိုငြင်းလို့ ရမှာ တဲ့ လဲ။

ခပ်အေးအေးပဲ အသက်ကိုပေးဖို့ ဆုံးဖြတ်လိုက်မိပေမဲ့ ကိုယ့်ထုံးစံအ တိုင်း...

"သေမင်းမို့လို့ အသက်လာနုတ်တာ ဆိုရင်တော့ ... နုတ်ပေ့ါ။ မ တားပါဘူး။ ဒါပေမဲ့ ဘယ်အရာမှ အလကား မရဘူးဆိုတာ သေမင်းလ ည်း သိတယ်ထင်ပါတယ်"

သေမင်းဆီက အသံမကြားရ။ ငုံ့နေတဲ့ ခေါင်းဆောင်းကြီးကတော့ မ တ်သွားသည် ။

ခေါင်းဆောင်းအောက်မှာ မြင်လိုက်ရတာက ချွန်မြပြီး ကွေးကောက်နေတဲ့ စိမ်းဖန့်ဖန့် နှာခေါင်းကြီး။

"ကဲ... ဒီတော့... ကျုပ်ဆီက နုတ်သွားမယ့်အသက်အတွက် ကျုပ်... ငွေဘယ်လောက်ရမှာ လဲ။ အဲဒါ အရင်ပြော"

***